သင်တို့အနက် ကုရ်အာန်ကျမ်းမြတ်အား သင်ယူပြီးနောက်သင်ကြားပေးသူသည် အမွန်မြတ်ဆုံးဖြစ်သည်။

အွတ်စ်မာန် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ သင်တို့အနက်
ကုရ်အာန်ကျမ်းမြတ်အား သင်ယူပြီးနောက် သင်ကြားပေးသူသည် အမွန်မြတ်ဆုံးဖြစ်သည်။
[صحيح] [رواه البخاري]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။မွတ်စ်လင်မ်တို့အနက် အလ္လာဟ်အရှင်မြတ်ထံတော်တွင် အမွန်မြတ်ဆုံးနှင့်အဆင့်အတန်းအမြင့်ဆုံးသူမှာ ကုရ်အာန်ကျမ်းမြတ်ကို ရွတ်ဖတ်ခြင်း၊ အာဂုံဆောင်ခြင်း၊သရ်သီလ်နှင့်တကွ ဖတ်ခြင်း၊ ရပ်နားခြင်း၊ အကျယ်ဖွင့်ဆိုခြင်းတို့ကို သင်ယူကာကိုယ်တိုင်လိုက်နာကျင့်သုံးပြီး မိမိတတ်မြောက်ထားသည့် ကုရ်အာန်ကျမ်းမြတ်၏အသိပညာများကိုအခြားသူအားပြန်လည်သင်ကြားပေးသူဖြစ်သည်။

https://sunnah.global/hadeeth/my/show/5913